ဇောင်းတန်းကျေးရွာ
အင်္ဂပူမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက်

(၂၀၁၇-၂၀၂၁)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဇောင်းတန်းကျေးရွာ၊ အင်္ဂပူမြို့နယ်
(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ

## မာ တိ ကာ


မာတိကာ ၁

စကားချီး ၅

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့်အစီအစဉ်**

(၁) **နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု** ၆

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

(၂) **ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ** ၈

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

(ခ ) သဘာဝအရင်းအမြစ်များ

(၃) **ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ** ၈

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီပွားရေးအခြေအနေဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျား-မ ရေးကိစ္စဆိုင်ရာ

(၄) **ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ** ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ ) အခြေခံအဆောက်အဦးများအားလက်လှမ်းမီမှု၊လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ၊ အဟန့် အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ** ၁၅

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

(ခ ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) **ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ** ၁၆

(၇) **ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စများ** ၁၇

(၈) **ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော် ဆောင်ရွက်မည့်အချိန်ကာလ** ၁၈

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

(၉) **ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်** ၂၁

(၁၀) **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့် အစီအစဉ်များ** ၂၂

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးမည့်အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန် အတွက်အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) **စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း** ၂၄

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာအကူအညီ

**ကိုးကားစာရင်း**

အပိုင်း (ခ) နောက်ဆက်တွဲဇယားများ

နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ

(၁) **လူမှုစီးပွားရေးအခြေအနေ** ၂၆

ဇယား (၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရ လုပ်ငန်းအမျိုးအစား

ဇယား (၃) လုပ်ငန်းနှင့် ကျား/မအလိုက်

ဇယား (၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းမြစ်များ

ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင်အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ် ထောင်စုများ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေ အနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့် အုပ်စု
**(၂) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ** ၃၈
ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ
ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု
ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့်ရေသွင်းဧရိယာ
ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား (၁၆) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု
ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား (၁၉) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား (၂၀) မွေးမြူရေးကဏ္ဍထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်း များ
ဇယား (၂၁) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား (၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား (၂၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းပြဿနာနှင့်အခက်အခဲများ
ဇယား (၂၄) ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ ပုံစံနှင့်အချိန်ကာလ
ဇယား (၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းရင်း
ဇယား (၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား (၂၇) ကုန်စည်နှင့်ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား (၂၈) ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း
ဇယား (၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့ အကျင့်နှင့်အခက်အခဲများ
ဇယား (၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် စာတတ် မြောက်မှုနှုန်း
ဇယား (၃၁) ကျောင်းတက်နှုန်း
ဇယား (၃၂) စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား (၃၃) ပညာရေးအခက်အခဲနှင့်ပြဿနာများ
ဇယား (၃၄) အဖြစ်များသော ရောဂါများ
ဇယား (၃၅) လွန်ခဲ့သော ၁၂ လအတွင်း ကာကွယ်ဆေးထိုးနှံမှု
ဇယား (၃၆) ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား (၃၇) သောက်သုံးရေရရှိနိုင်မှု
ဇယား (၃၈) အိမ်သာအမျိုးအစား
ဇယား (၃၉) ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ဇယား (၄၀) ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ
ဇယား (၄၁) ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား (၄၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား (၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား (၄၄) လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား (၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်နည်းပညာအခြေအနေ
ဇယား (၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား (၄၇) ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှုအထောက် အကူများအား လက်လှမ်းမီမှု
ဇယား (၄၈) မှုခင်းဖြစ်ပွားမှုအခြေအနေ

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှ စီမံချက်အထိ)
နောက်ဆက်တွဲ(၃) ကျေးလက်ဖွံ့ဖြိုးရေးအဖွဲ့အမည်စာရင်း

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၆/၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ်အထိ (၅)နှစ်ကြား အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဆုံးသော လူအများပါဝင်ရေးဆွဲထား သည့်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ် သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက် အလက် များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံး လုပ်နည်း များကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ် ရေးဆွဲ ရေးကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ စီစဉ်ဆောင်ရွက် ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်လက်တို့၏ အရေးပါမှုကို သိရှိနိုင်သော နေရာများမှလည်း ကောက်ယူ ရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ် အဆင့်ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေး ခြင်းဖြင့် ပိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်း ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင် ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောက်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုး ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါ ကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့် ဗျူဟာဦးစားပေး လုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာ ရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိက ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီးအဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်ချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ဖောင်းတန်းကျေးရွာ
အင်ပူမြို့နယ်

## ၁။ နိဒါန်း ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

### (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းသည် အစိုးရဌာနများ၊ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်မည့် အစီအစဥ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

### ကျေးရွာစီမံကိန်းရေးဆွဲခြင်း

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း၊ အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေး အခြေအနေများကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့် အရင်းခံ အချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသော အချက်များ၊ (၅)နှစ်တာ ကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်း ချက်များ၊ ထိုရည်မှန်းချက်များရရှိရန်၊ ကျွန်ုပ်တို့ကျေးရွာ အနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့အပြင် ဦးစားပေး လုပ်ငန်းများ လုပ်ဆောင်လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရ မဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေ ပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်း များ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

### နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေး ဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊

ပြည်နယ်နှင့်တိုင်း အဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာ မြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGOs) အရပ်ဖက်လူမှုအဖွဲ့ အစည်း များ (CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏တိကျသောလိုအပ်ချက် များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့် ဆိုင်သော ၎င်းတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေး ရပ်တည်မှုပေးသည့်အဖွဲ့ အစည်းများ အနေဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာ ဖွံ့ဖြိုးရေး မိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်) နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့ အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်းများကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများပြုလာနိုင်ပါမည်။

## (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့ မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေသော ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်း အခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုအပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ကျွန်တော်တို့ကျေးရွာ သည် ကြံခင်း - ရန်ကုန် အမြန်ကားလမ်းပေါ် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ အင်္ဂပူမြို့နှင့် (၃)မိုင် ခန့်သာကွာဝေးပြီး သွားလာရလွယ်ကူသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိက အသက်မွေးဝမ်းကြောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးဖြစ်သည်။ ဒေသ၏မိုးရေချိန်မှာ စိုက်ပျိုးရေးအတွက် သင့်တော်သောအနေ အထားတွင်ရှိသည်။ စိုက်ပျိုးမြေဖြစ်သောလယ်ယာမြေတွင် စပါး၊ ပဲ စိုက်ပျိုးထုတ်လုပ်ရန်နှင့် အသက်မွေးဝမ်းကြောင်းပြုရန်တို့အတွက်အဓိက အားထားရာဖြစ်သည်။ ၂၀၁၃ခု ဇူလိုင်လတွင် အင်္ဂပူမြို့အနောက်ဘက်ခြမ်းရှိ အနိမ့်ပိုင်းမှ ကျေးရွာအချို့တွင် ရေကြီးရေလွှမ်းဒဏ်ကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးမှုများ ခံစားခဲ့ရသော်လည်း ဤကျေးရွာမှာ ကင်းလွတ်ခဲ့ပါသည်။ သို့သော်ငြားလည်း ရေကြီးရေလွှမ်းမိုးမှုအန္တရာယ်ကို ယခုထိခံစားနေရဆဲဖြစ်သည်။

### (ခ) သဘာဝအရင်းအမြစ်

စိုက်ပျိုးဖြစ်ထွန်းသော လယ်ယာမြေ အသင့်အတင့်ရှိကြပြီး မြေပြန့် ဒေသဖြစ်ကာ မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတထုတ်လုပ်မှုမရရှိနိုင်ပါ။ လယ်ယာစိုက်ပျိုးသူအများစုမှာ ကညင်ဆည်ရေလှောင်တမံမှ ဆည်ရေဖြင့် (၁၅)ဧကခန့်ကိုသာ ရေသွင်းစိုက်ပျိုးနိုင်၍ စိုက်ပျိုးနိုင်မှုနည်းပါးသည်။ မြေအောက်ရေ အသုံးပြုမှုနည်းပါးပါသည်။ စပါးနှင့် မတ်ပဲကို အဓိကထားစိုက်ပျိုးနိုင်သော မြေဧကမှာ (၂၉၉.၉၈)ဧက ထွန်ယက် စိုက်ပျိုးနိုင်သည်။

## ၃။ ကျေးရွာ၏ လူမှု ဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေးဆိုင်ရာအချက်အလက်များ

ကျွန်တော်တို့ တင်းတောကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၇၆) စုနှင့် ကျား (၃၁၅)ဦး၊ မ (၃၇၇)ဦး လူဦးရေပေါင်း (၆၉၂)ဦးရှိပြီး တစ်အိမ်ထောင်လျှင် ပျမ်းမျှ (၃.၉၃) ဦးနှုန်းရှိပြီး နိုင်ငံတော်၏တစ်အိမ်ထောင်စု ပျမ်းမျှနှုန်း (၅)ဦး ထက်လျော့ နည်းနေပါသည်။ ကျေးရွာတွင်ဗမာလူမျိုးအများစုနှင့် ကရင်လူမျိုးအနည်းစုနေထိုင်ပြီး အလုပ်

လုပ်နိုင်သောအရွယ်မှာ ကျေးရွာရှိ လူဦးရေပေါင်း၏ (၆၂%)ခန့် ရှိသဖြင့် လူသားအရင်းအမြစ် ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီးဒေသ စီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင်သည်။ ကျေးရွာ၏အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေသည် အမျိုးသား ဦးရေထက် ၈.၄% မျှပိုများနေပါသည်။

## (ခ ) စီးပွားရေးအခြေအနေ ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းမှာ စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေ အနေအထားမှာသာမာန်အားဖြင့်လျော့နည်းသည်။ ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၅၁.၁၅%)မှာ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုအဆင့်အဖြစ် ခံယူကြပြီး (၅.၆၈%)သည် ချမ်းသာသည့်အဆင့်၊ (၄၃.၁၈%)သည် အလယ်အလတ် အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လုပ်မီးမှု၊ လယ်ယာသုံးစက်ကရိယာများ ပိုင်ဆိုင်မှုနှင့်ဆည်ရေသွင်း စိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာ စီးပွားရေးအနေအထားမှာ အသင့်အတင့် ကောင်းသည်ဟုပြောနိုင်ပါသည်။ အဆင်ပြေသော လယ်သမားအိမ်ထောင်စုအပြင် အခြားလယ်သမားအိမ်ထောင်စု အချို့မှာလည်း လက်သမား၊ ပန်းရံ၊ သစ်ခွဲစက်စသော အသေးစားအိမ်တွင်းလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ ငွေချေးသောအိမ်ထောင်စု အချို့နှင့် အစိုးရဝန်ထမ်းအချို့လည်း ငွေရေးကြေးရေး အသင့်အတင့် အဆင်ပြေကြသည်။

ကျေးရွာလူထု၏ ဆင်းရဲအဆင့်သည် ကျေးရွာတွင်အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သော လက်သမားများ၊ လက်လုပ်လက်စားနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု အရေအတွက် မြင့်မားပြီး (၇၃%) ထိရှိကာ ဆင်းရဲ၊ အလွန်ဆင်းရဲ အဆင့်ရှိ အိမ်ထောင်စုများ ဖြစ်ကြသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စုများရှိသော်လည်း ရာသီအလိုက် လုပ်ကိုင်သော လယ်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ လက်လီ ခေါင်းရွက်ဗျပ်ထိုး လုပ်ငန်းများ ရွာ၏ပတ်ဝန်းကျင်တွင် ဆန်ကြိတ်စက်၊ သစ်ခွဲစက်များ အလုပ်အကိုင် ရှာဖွေနိုင်ကြသည်။ ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲ အိမ်ထောင်စုများ၏ ၂၇% ဖြစ်သော (၂၄) အိမ်ထောင်စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ (၉%) မှာ သူတစ်ပါးထံမှ ချေးငှားပြီးမှ နပ်မှန်စားသုံးနိုင်ကြောင်း၊ ၆၅%မှာ ၃လ မှ ၅လခန့်၊ ၁၄%မှာ ၆လ မှ ၁၂ လခန့် သူတစ်ပါးထံမှ ချေးငှားစရာမလိုဘဲ နပ်မှန်စားသုံးနိုင်ကြကြောင်း တွေ့ရှိရပါသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စု အားလုံးသည် အကြွေးငွေ ၁၀၀၀၀၀ိ/- ကျပ်မှ ၁၅၀၀၀၀၀ိ/- ကျပ်ထိ တင်ရှိနေကြသည်။

## (ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီးအဟာရအသင့်အတင့်ရှိသည်။ ကလေးငယ်အများစုလည်း ကျန်းမာရေးအသင့်အတင့်မျှ

သာရှိကြသည်။ သွေးလွန်တုပ်ကွေးရောဂါမှာ ယခုနှစ်ပိုင်းတွင် ပိုမိုဖြစ်ပွားမှု အနည်းငယ် တွေ့ရှိရသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင်များရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာတွင်းရရှိနိုင်ကြပြီး (၃)မိုင် ဝေးကွာသော မြို့နယ်ဆေးရုံ၊ (၄)မိုင်ခန့်ဝေးသော တိုက်နယ်ဆေးရုံဖြင့် ကွာဝေးပြီး ကားလမ်းဖြင့် အလွယ်တကူသွားလာနိုင်သော မြို့နယ်ဆေးရုံ/တိုက်နယ်ဆေးရုံနှင့် ဆေးဆိုင်များ လက်လှမ်းမီပါသည်။

ကျေးရွာတွင် လက်နှိပ်တုံကင်၊ မော်တာသုံးတုံကင်များမှ မြေအောက်ရေကို အလွယ်တကူ ရနိုင်ကြပြီး ဝမ်းပျက်ဝမ်းလျော၊ တိုက်ဖိုက်၊ အစာအိမ်ရောင် စသောရောဂါ ဖြစ်ပွားမှုနည်းပါးကြောင်း တွေ့ရသည်။

(င) **ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ ရွာသားအများစုသည် အခြေခံအရေး၊ အဖတ်အတွက် တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့်အတင့်များပြားသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း(ခွဲ) တို့တွင် တက်ရောက် သင်ကြားနိုင်ကြသည်။ သို့သော် အသက်မွေးဝမ်းကြောင်း ကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲ ဖြစ်ပါသည်။

(စ) **ကျား/မ ရေးရာကိစ္စဆိုင်ရာ**

ကျေးရွာတွင် ကျား-မ ရေးရာ ကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းအရ အားနည်းမှုရှိပါသည်။ ကျေးရွာတွင် ကျားနှင့်မ အကြား ပြင်းထန်သောအိမ်တွင်း အကြမ်းဖက်ခြင်းနှင့် ခွဲခြား ဆက်ဆံခြင်းများမရှိပါ။

ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် တန်းတူအခွင့်အရေး တူညီကြောင်း ယေဘူယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့် မိန်းကလေးအရေအတွက် သာနေပြီး၊ အလယ်တန်းနှင့် အထက်တန်းများတွင် ကျားနှင့်မတူညီမှုရှိ၍ ပညာသင်ယူရေးအခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်ပါသည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာအမျိုးသားများကပိုမိုရရှိကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်မှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားလျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင် အမျိုးသမီး ပါဝင်မှုတို့မှာ အလွန် လျော့နည်းလျက်ရှိသည်။ ကျား - မ တန်းတူ ညီမျှမှုနှင့်ပါတ်သတ်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မ ညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။ အိမ်ထောင်စုအားလုံး၏ ၂%ခန့်သည်

အမျိုးသမီးဦးဆောင်အိမ်ထောင်စုများဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာ ဆင်းရဲကာ မိသားစုဦးရေ များပြားကြသည်။ အလားတူအိမ်ထောင်ဦးစီးက ရွာပြင်ပတွင် သွားရောက် အလုပ်လုပ်နေကြသော အိမ်ထောင်စု(၁၀)စုသည်ဆင်းရဲသည့် ထိခိုက်လွယ်သော အိမ်ထောင်စုများ ဖြစ်ကြသည်။

## ၄။ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှု အခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်းထားခြင်းမရှိပါ။ နာရေးကူညီမှုအသင်း ရှိသော်လည်း နာရေးကိစ္စအပါအဝင် လှုပ်ရှားဆောင်ရွက်မှု အားနည်းပါသည်။

### (ခ) သီးနှံသားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျွန်တော်တို့ကျေးရွာတွင် စပါးနှင့် မတ်ပဲကို အဓိကထားစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက(၃၁၄.၉၈)ဧကရှိပြီး နွေရာသီ မတ်ပဲစိုက်ဧက (၅၀)နှင့် နွေစပါး(၁၅) ဧက ကိုစိုက်ပျိုးကြသည်။ မိုးစပါး ပျမ်းမျှအထွက်နှုန်း (၆၀)တင်း၊ နွေစပါး (၇၀)တင်းနှင့် မတ်ပဲ (၄)တင်းနှုန်းထွက်ရှိသည်။ နွေစပါးဧက (၁၅) ဧကကျော် ကညင်ဆည်မှ ရေသွင်း စိုက်ပျိုးကြသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ အားနည်းကြပြီး စိုက်ပျိုးရေး ပစ္စည်းများကို ကုမ္ပဏီများမှတောင်သူများအတွက် ဝန်ဆောင်မှုများပေးသည်။ တောင်သူ အများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှု ပြဿနာကို ရင်ဆိုင်နေရပြီး လုပ်အားခ ပိုမိုပေးမှသာ အလုပ်သမားများကိုငှားရမ်းရရှိနိုင်ကြကာ ကုန်ကျစရိတ် မြင့်မားရသည်။ တချို့တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျ စရိတ်မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် ကြဲပက်စနစ်သုံးကြသည်။ တောင်သူများတစ်ခါတစ်ရံတွင် မိုးရွာသွန်းမှုမညီမျှမှုရင်ဆိုင်ရတတ်သည်။ မတ်ပဲစိုက်ခင်း များတွင် ဖျက်ပိုးကျရောက်မှုကို ပိုမိုတွေ့ရှိရပြီး ယင်းဖျက်ပိုးနှိမ်နင်းရေးတွင် ပိုးသတ် ဆေးတချို့ခံနိုင်စွမ်းရှိကြသဖြင့် တောင်သူများအနေဖြင့် ထိရောက်သောဖျက်ပိုးနှိမ်နင်း ရေးနည်းစနစ်ကို လိုလားကြသည်။

ကျေးရွာတွင် ဝက်မွေးအိမ်ထောင်စုအရေအတွက်မှာ တစ်ရွာလုံး၏ ၁၃% ဝန်း ကျင်သာရှိ၍ ဒေသဝက်မျိုးများမွေးမြူကြသည်။ ဒေသကြက်မွေးသည့် အိမ်ထောင်စု လည်း တစ်ရွာလုံး၏ ၄၀%ခန့် ရှိပြီးဈေးတွင် ဝယ်လိုအားရှိသည်။ ရာသီအလိုက် ဖြစ်ပွား သော တိရစ္ဆာန်ရောဂါများအထူးသဖြင့် ကြက်လည်လိမ်ရောဂါသည် အဖြစ်များပြီး သေကြေပျက်စီးမှုရှိတတ်သည်။ နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေး/ကုဦးစီးဌာနမှ ရရှိသော်လည်း မလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှုအလွန် အားနည်း ပါသည်။ မွေးမြူရေးဆိုင်ရာလုပ်ငန်းပိုင်း အဟန့်အတားများအနေဖြင့် ဆင်းရဲသော အိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင် တိုးချဲ့ဆောင်ရွက်ရန်ချေးငွေကို

အလွယ်တကူမရရှိနိုင်ကြချေ။ ရွာထဲမှ ချေးသူများထံမှချေးငှားလျှင် အတိုးနှုန်း မြင့်မားသည်။ ကျေးရွာတွင်မွေးမြူရန်ရေမြေနေရာ အဆင်မပြေသောကြောင့်ငါးမွေးမြူရေး လုပ်ငန်းများမရှိပါ။

(ဂ) **စိုက်ပျိုးရေး မွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကြောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှု ထုတ်ကုန်လုပ်ငန်းများမရှိပါ။ အခြားဝင်ငွေရ လုပ်ငန်းများမှာ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊ အစိုးရဝန်ထမ်းနှင့် ဝင်ငွေရနေ့စားလုပ်ငန်း အလွန်နည်းပါးသည်။ သယ်ယူပို့ဆောင်ရေးမှာလည်း နည်းပါးပါသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်တွင်သာရှိသည်။ လက်လုပ်လက်စားအလုပ်များမှာ စိုက်ပျိုးရာသီတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်တွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သော ဦးရေများပြားပြီး ထိုအခြေအနေမှာ အလားအလာကောင်းတစ်ရပ် ရှိသော်လည်း၊ အသက်မွေးဝမ်းကြောင်း သင်တန်းလက်လှမ်းမီမှုမရှိပါ။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့အား အပ်ချုပ်၊ စက်ပြင်စသော သင်တန်းများ အခကြေးငွေ အကုန်အကျခံကာ သင်ကြားကြသည်။

(ဃ) **သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတ စီမံခန့်ခွဲမှု**

ကျွန်တော်တို့ ကျေးရွာတွင် မတ်ပဲစိုက်ခင်းများ၌ ဖျက်ပိုးများကျရောက်ခြင်းကြောင့်ပိုးသတ်ဆေးရေနှင့် ဓာတုမြေဩဇာ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှား နှိမ်နင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများလာသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲရာတွင်လည်း ပလတ်စတစ်အခွံ၊ ခွက်ခွံ၊ ဘူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

အင်္ဂပူမြို့နယ် အနောက်ဘက်ခြမ်းတွင် နှစ်စဉ်မိုးတွင်းကာလ ဧဝန်မြစ်ရေမြင့်တက်ရေကြီးရေလွှမ်းမိုးမှုများ ဖြစ်ပွားပြီး လယ်မြေအချို့ ပျက်စီးမှုများ ကြုံတွေ့နေရပါသည်။ ကျေးရွာသည် ကုန်းတွင်းပိုင်း မြေပြန့်တွင်ရှိသော်လည်း ရွာအေးတွင်မိုးတွင်းကာလ ကညင်ချောင်းရေ လျှံတက်ရေကြီးမှုများ ရှိနေပါသည်။ ကုန်းတွင်းပိုင်းဖြစ်သောကြောင့် မုန်တိုင်းအန္တရာယ်နည်းပါးပြီး အားပျော့သော မုန်တိုင်းဝင်ရောက်မှုသာ တစ်ခါတစ်ရံ ကြုံရတတ်သည်။ အခါအားလျော်စွာ ကျရောက်တတ်သောမိုးခေါင်ခြင်း သဘာဝအန္တရာယ် တစ်ရပ်အနေဖြင့်သာ ရှိနေပါသည်။

(င) **ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကျွန်တော်တို့ကျေးရွာရှိ တောင်သူများသည် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော မိုးစပါး ချေးငွေကို တစ်လလျှင် (၈၅)ပြား အတိုးဖြင့် တစ်ဧကလျှင်

(၁၅၀၀၀)နှုန်းဖြင့် အများဆုံး (၁၀)ဧကအတွက် ချေးယူနိုင်ကြသည်။ ကျေးရွာတွင် မြန်မာ့ငွေကြေး အပြည်ပြည်ဆိုင်ရာကုမ္ပဏီမှ လာရောက်ဖွဲ့စည်းပေးထားသော မြန်မာငွေ ရေးကြေးရေးအဖွဲ့ ဖွဲ့စည်းထားခြင်းမရှိသေးပါ။ အချို့အိမ်ထောင်စုများမှာ ရွာထဲတွင် ငွေတိုးချေးစားသူများထံမှ တနှစ်အတိုးနှုန်း ၃၆% မှ ၆၀% အထိချေးရသည်။ မိတ်ဆွေ မိသားစုများထံမှလည်း တနှစ် အတိုးနှုန်း ၁၅% ချေးယူနိုင်သော်လည်း အပေါင်ပစ္စည်း ပါမှ ချေးယူရရှိနိုင်သည်။ ကျေးရွာသား အများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး)တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူ ကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်းတွေ့ရှိပါသည်။ ကျေးရွာတွင် အကြွေးတင်မှုအနေအထား လေ့လာဆန်းစစ်ချက်အရ ပါဝင်နေသော ဆင်းရဲနှင့် အလွန် ဆင်းရဲ အိမ်ထောင်စုများအားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေကျပ် တစ်သိန်း မှ ကျပ်တစ်ဆယ့်ငါးသိန်းအထိ ချေးယူထားကြောင်း တွေ့ရှိရသည်။ ထိုအိမ်ထောင်စုများ ၏ ၈၀% သည် အကြွေးငါးသိန်းအောက် ချေးယူထားပြီး ၂၀% သည် တစ်ဆယ့်ငါးသိန်း အထိ ချေးယူထားကြောင်းတွေ့ရှိရပါသည်။

## (စ) ပညာရေး၊ ကျန်းမာရေးနှင့် ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျွန်တော်တို့ကျေးရွာတွင် မူလတန်းကျောင်းကို ပေ (၆၀)၊ ပေ (၃၀) နှင့် အမြင့် (၁၈) ပေ အရွယ်ရှိ သွပ်မိုး၊ အုတ်နံရံကာ၊ ကွန်ကရီခင်း ကျောင်းဆောင်တစ်ဆောင်ရှိပြီး မူလတန်းပညာ သင်ကြားလျက်ရှိနေပါသည်။ ၎င်းကျောင်းတွင်(KG) အဆောင်တစ် ဆောင်လိုအပ်လျက်ရှိနေပါသည်။ ရွာသားအားလုံးမှာ ရေးတတ်ဖတ်တတ်ကြပြီး လူဦး ရေ၏ (၆%)သည် ဘုန်းကြီးကျောင်းပညာရေးရရှိထားကြသည်။ မူလတန်း ရာခိုင်နှုန်း လည်းမြင့်မားသည်။ ကျောင်းတွင်ပရိဘောဂပစ္စည်း လုံလောက်မှုရှိပြီး မူလတန်းပြ ဆရာမ(၅)ဦးရှိကြပါသည်။ ကျောင်းတွင် ဆရာတပ္ပည့်အချိုး ညီမျှမှုရှိသည်။ လွန်ခဲ့သော ကျောင်းဖွင့်ရာသီက မူလတန်းကျောင်းသားများအတွက် ပြဋ္ဌာန်းစာအုပ်များ လေ့ကျင့် ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးပေးပါသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဆေးပေးခန်း မရှိသော်လည်း ကျေးရွာနှင့် တစ်မိုင်ခန့်အကွာ၌ ကျေးလက် ကျန်းမာရေး ဆေးပေးခန်းတည်ရှိပါသည်။ ၎င်းဆေးပေးခန်းတွင် သားဖွား ဆရာမ (၁)ဦးနှင့် ကြီးကြပ် (၂)ဦး ရှိပါသည်။ ရွာသူ/သားများအတွက် ကျန်းမာရေး ဝန်ဆောင်မှု ရှိပါသည်။ လက်လှမ်းမီသော ကျန်းမာရေးရှိပါသည်။ ဓောင်းတန်းရွာသည် လျှပ်စစ်မီးရရှိသော် လည်း အအေးခန်း၊ ဆေးဝါးသိုလှောင်မှု နည်းစနစ်နှင့် ဝန်ဆောင်မှုများမရှိပါ ။ သောက် ရေအတွက် လက်နှိပ်တုံကင်နှင့် မော်တာတပ်သုံး ရေတုံကင်များ တပ်ဆင်သုံးစွဲကြပါ သည်။ ရေများလုံလောက်မှု ရှိပါသည်။ ချမ်းသာသော အိမ်ထောင်စုများက အိမ်သာကျင်း ကို အုတ်ဖြင့်ဆောက်လုပ်ထားပြီး၊ ဆင်းရဲသော အိမ်ထောင်စုများက ဝါးတိုင်ပတ်ဖြင့် ဆောက်လုပ်သုံးစွဲ ကြပါသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာများ သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ် ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုနည်းပါးသည်။ စာသင်ကျောင်း

တွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသူ/သားများ အတွက် အသုံးပြုရန် လွယ်ကူပါသည်။

(ဆ) **လူငယ်နှင့်ယဉ်ကျေးမှု**

လူငယ်များအတွက် သီးသန့်အပန်းဖြေအနားယူနိုင်မည့် အနေအထားမရှိပါ။ သူတို့သည် ကျေးရွာ လူမှုရေးလုပ်ငန်းနှင့် ဘာသာရေး ပွဲတော်များတွင်ပါဝင်မှု အသင့် အတင့်တွေ့ရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းအတွက်ဆောင်ရွက်သည့် ဖွံ့ဖြိုးရေး လုပ်ငန်း သီးသန့်ဖေါ်ဆောင်ထားခြင်း မရှိသေးပါ။

(ဇ ) **အခြေခံအဆောက်အဦး၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ် ရေး**

ကျေးရွာအတွင်းရှိ လမ်းများသည် မြေသားလမ်းများဖြစ်ပြီး ထော်လာဂျီများကို အချို့သောလမ်းများသာ မောင်းနှင်အသုံးပြုနိုင်ပါသည်။ ရွာ၏မြောက်ဘက်တွင် ကညင် ချောင်းရှိသော်လည်း မိုးတွင်းရာသီသာ ရေလမ်းကြောင်းအသုံးပြုနိုင်ပါသည်။ ရွာတွင် လှေအနည်းငယ်သာရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ် (၇၇)စီး၊ စက်ဘီး (၁၅၁)စီး၊ ထော်လာဂျီ (၅)စီးတို့ အသုံးပြုကြပါသည်။ Hijet Light Truck(၃)စီးနှင့် ကုန်စည်တင်ကားလတ် (၁)စီးဖြင့် လမ်းပန်းဆက်သွယ်ရေးအသုံးပြု ပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးကို (၁၉၆၁)ခုနှစ်မှ စတင်၍ ဆက်သွယ်ထားရှိပြီး ကျေးရွာရှိ အိမ်ထောင်စုအားလုံး၏ (၉၀%)ခန့် သွယ်တန်းအသုံးပြုနေကြပြီးဖြစ်ပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားအတင်းအချက်အလက်များ အတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာတွင် စာကြည့်တိုက်မရှိပါ။ ကျေးရွာသား များသည် တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့် ကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။

(ဈ) **တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးကို ချောမောစေသည်။ ရွာသားများသည် မိုဘိုင်းတယ် လီဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်သည်။ လိုအပ်သော သတင်းအရင်းအမြစ်များ အတွက် လိုအပ်သလိုဆက်သွယ် သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက် အသုံးပြုနိုင် သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားသူ မရှိသလောက်နည်းပါးသည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေး အစီအစဉ်သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ ရွာသား များသည် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွား ခြင်း နည်းပါးသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းနှင့် အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ

ကျေးရွာတွင်လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်အသုံးပြုနိုင်ကြသဖြင့် ထင်းသက်သာသည့် လျှပ်စစ်မီးဖိုဖြင့် ချက်ပြုတ်ခြင်း ကျောင်းသား/သူများအတွက် စာဖတ်ချိန်အထောက်အကူဖြစ်စေခြင်း၊ လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် အထောက်အကူဖြစ်စေသည်။ လူငယ်ပိုင်းတွင် ပညာတတ်များ အသင့်အတင့်ရှိပြီး ကျေးရွာရှိလူဦးရေ အားလုံး၏(၆၂%)သည် အလုပ်လုပ်ကိုင်နိုင်သည့် အရွယ်များဖြစ်သည်။ ဘွဲ့ရအရေအတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှု အသက်မွေးဝမ်းကြောင်းသင်တန်းများကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များ အတွက်အခွင့်အလမ်းကောင်းများ ဖြစ်ပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေများမှာယေဘုယျအားဖြင့်ကောင်းမွန်ပြီး ကျန်းမာရေးနှင့် လက်လှမ်းမီပါသည်။ ကျေးရွာသားများအနေဖြင့်လည်း စိုးရိမ်ရသောဆေးဝါးကုသမှုအတွက်အား မြို့နယ်ဆေးရုံ အင်ပူနှင့်တိုက်နယ် ဆေးရုံမဲဇလီကုန်းသို့ သွားရောက်ဆေးကုသမှုများပြုနိုင်သည်။ သဘာဝအရင်းအမြစ်များတွင် နယ်မြေများသည့် မြေပြန့်ဖြစ်ပြီးမြေဆီသြဇာ အသင့်အတင့်ကောင်းပါသည်။ တောင်သူများသည် လယ်ယာထွက်ကုန်များအတွက် ပို့ဆောင်ရာ၌ လွယ်ကူသည်။ မိုးရွာသွန်းမှုမှာ စပါးနှင့် သီးနှံများစိုက်ပျိုးရန် အထောက်အပံ့ဖြစ်ပါသည်။ ကျေးရွာတွင် ကညင် ရေလှောင်တမံဆည်မှ နွေစပါး (၁၅)ဧကကျော်အတွက် ရေသွင်းစိုက်ပျိုးနိုင်ပါသည်။ ကျေးရွာသည် ကြံခင်း - ဟင်္သာတ - ပုသိမ် ရထားလမ်းများ ရှိပြီးပြည် - ကြံခင်း - ဟင်္သာတ - ရန်ကုန် ကတ္တရာလမ်းဖြင့် ကူးသန်း သွားလာနိုင်သည်။ ကျေးရွာတွင် မွေးမြူရေး တပိုင်တနိုင်အတွက် ဈေးကွက် ကောင်းရှိသဖြင့် ကြက်၊ ဘဲ၊ ဝက် မွေးမြူရန်အတွက် အခွင့်လမ်းကောင်းများရှိသည်။ သို့သော်လည်း ရင်းနှီးငွေလိုအပ်မှုရှိပြီး နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုလည်း တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်လျှက်ရှိသည်။

### (ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

ကျွန်တော်တို့ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာအသင့်အတင့် ကောင်းမွန်သည်မှအပ၊ အခြားသယံဇာတများမထွက်ရှိပါ။ လယ်ယာမြေ ထပ်မံတိုးချဲ့ရန်မှာမဖြစ်နိုင်သဖြင့် လယ်သမားများအတွက် အထက်နှုန်း တိုးမြှင့်အောင် အားစိုက်ရပေမည်။

ကညင်ဆည်ရေလှောင်တမံမှ ရေသွင်းစိုက်ပျိုးဧက ပြည့်မီအောင် ပေးနိုင်သော်လည်း လိုအပ်ချိန်တွင် ရေစီးရေလာ ရေသွင်းရေထုတ် လိုအပ်သလို အသုံးပြုရသည်မှရေမြောင်း၏ ရေသွားလာမှုမှာ အဟန့်အတားများရှိသဖြင့် စိုက်ပျိုးချိန်တွင် ရေအခက်အခဲများရှိတတ်သည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုကိုရရှိနိုင်သော်လည်း ဖျက်ပိုးနှိမ်နင်းရေးနှင့်ပတ်သက်၍ ထိရောက်စွာအကောင်အထည်

ဖေါ်ပေးသော အစီအစဉ်မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်း ကျင့်သုံးနိုင်ရန် အထောက်အပံ့များ ရရှိရန်လိုအပ်သည်။ ကျေးရွာတွင်ငွေတိုးချေးသူများ ရှိသော်လည်း အတိုးနှုန်းမြင့်မားသည်။ ဘဏ်များမှ ကျေးရွာအရောက် ဝန်ဆောင်မှု မရှိပါ။ စီးပွားရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန်အတွက် စာရွက်စာတမ်း လိုအပ်ချက်များ ဖြည့်စွက်ရာတွင် အခက်အခဲကြုံတွေ့ရတတ်သည်။ ကျေးရွာအတွင်းရှိ တောင်သူအချို့သည် လယ်ယာမြေအချိန်ကြာမြင့်စွာ လုပ်ကိုင်ခဲ့သော်လည်း ပုံစံ(၇) မရရှိသေးသောကြောင့် စိုက်ပျိုးငွေ အခက်အခဲနှင့်တွေ့ရှိရပါသည်။ ကျေးရွာတွင် အိမ်တွင်း ကုန်ထုတ်လုပ်မှု မရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေရရှိရေး အခွင့်အလမ်းနည်းပါးသည်။ ဒေသတွင်လည်း အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအတွက် ကုန်ကြမ်းတတ်သိပညာ အထိအတွေ့ အားနည်းပါသည်။

## ၆။ ပန်းတိုင်နှင့်မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ အဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့် (၅)နှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က-၁) ကျွန်တော်တို့ကျေးရွာလူထုကို အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန်၊ ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်စေရမည်။

(က-၂) ကျွန်တော်တို့ကျေးရွာသည် စာတတ်မြောက်မှု ပိုမိုကောင်းမွန်သော ပညာရေးမှ တဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းရည်နယ်ပယ်ကို ကျယ်ဝန်းလာစေမည်။

(က-၃) ကျွန်တော်တို့ကျေးရွာလူထုသည် အသက်မွေးဝမ်းကြောင်းနှင့် စီးပွားရေးအုပ်စုအဖွဲ့ ဖွဲ့စည်းပြီးကျေးရွာအခြေပြု အဖွဲ့အစည်းများ၏ စွမ်းရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံ ခန့်ခွဲမှု ယန္တယားကို တိုးတက်လာရမည်။

### (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ-၁) ကျေးရွာတွင် အရင်းအနှီးငွေ၊ နည်းပညာနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကိုဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေချေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိဘဏ်များ ရင်းနှီးငွေရရှိနိုင်ရန် အခြားနေရာများနှင့် ချိတ်ဆက်ဆောင်ရွက်မည်။ အရင်းအနှီးငွေများရရှိပါက တပိုင်တနိုင် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများအတွက် ရွာလူထုကို ခွဲဝေချထားပေးမည်။ အလားတူပင်ကျေးရွာတွင် စိုက်ပျိုးရေး၊

မွေးမြူရေးနည်းပညာ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာ သင်တန်းများ တက်ရောက်နိုင်ရန်အတွက် သက်ဆိုင်ရာ နည်းပညာ ဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။ သင်တန်းတက်ရောက် ထားသူများ မှ ကျေးရွာတွင်ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင် ကလဲ ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေရမည်။

(ခ-၂) ကျွန်တော်တို့သည် အပ်ချုပ်၊ ဓာထိုးပန်းထိုး နှင့် မုန့်လုပ်ငန်း၊ ဆံပင်ညှပ်၊ စက်ပြင်၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်ဆင် သင်တန်းများ တက်ရောက်နိုင်ရန် သင့်တင့်သော သင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်း များသည် သင်တန်းသားများအတွက် ကျွမ်းကျင် မှုများကို တိုးပွားစေပြီး၊ ဝင်ငွေရလုပ်ငန်းများ ထူထောင် တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်း အစီအစဉ်နှင့် ချိတ်ဆက်ပေးမည်။

(ခ-၃) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ကျေးရွာဈေးဆောက်လုပ်ကာ ကျေးရွာ၏ ဈေး အဆောက်အဦးများ အင်္ဂါရပ်နှင့်အညီ ပြုပြင်ဆောက်လုပ်ရန် ဈေးအိမ်သာ ဆောက်လုပ်ပေးခြင်းများကို တိုးတက်မှုဆောင်ရွက်မည်။ စီမံခန့်ခွဲ ထိန်းသိမ်းရေး အတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားမည်။ ကျေးရွာ လူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြု လုပ်ငန်းများကို အကောင်အထည်ဖော် စီမံခန့်ခွဲနိုင် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိရန် ဆောင်ရွက်တိုက်တွန်းအားပေးမည်။ ကျေးရွာတွင် ဝေးပြေးခရီးသည် ကားဂိတ် လည်း တည်ဆောက်သွားမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်း ပေးရမည့်ကိစ္စများ

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသောအစိုးရ ဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ကျွန်တော်တို့ ကျေးရွာသူကျေးရွာသားများကိုယ်တိုင်ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေ ဖြင့်နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့်ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိပံ့ပိုးမှုပေး နိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးပို့နိုင်ကြပါသည်။

### (က) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

ကျွန်တော်တို့ကျေးရွာတွင် စပါးအပြင် မတ်ပဲကို သီးထပ်အဖြစ် စိုက်ပျိုးကြသည်။ သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြကာ တောင်သူများအတွက် သီးနှံပျက်ဆီးမှုနှင့် ဝင်ငွေလျော့နည်းမှုဖြစ်စေသည်။ နည်းပညာအသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နင်းရေး နည်းပညာအသစ်ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးဦးရွက် ပြုသင့်ပါသည်။

**(ခ) ငွေရေးကြေးရေးနှင့်ဘဏ္ဍာလုပ်ငန်းများ**

အသေးစားလုပ်ငန်းရှင်များနှင့် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေး လုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့် ချေးငွေလိုအပ်ပါသည်။ ကျေးရွာတွင် ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှ အကောင်အထည်ဖေါ်ဆောင်ရွက်လျှက်ရှိသော မြစိမ်းရောင် ကျေးရွာစီမံကိန်း အသင်းအဖွဲ့ကဲ့သို့ ကျေးရွာလူထုအတွက် ချေးငွေအစီအစဉ်များ ဆောင်ရွက်ပေးသင့်ပါသည်။

**(ဂ) ကျေးလက် သေးစားစက်မှု၊လက်မှုလုပ်ငန်းများ ဆိုင်ရာ အထောက်အပံ့**

ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့ အလားအလာကောင်း အလွန်အားနည်းပါသည်။ ကျွန်တော်တို့ကျေးရွာမှ အသေးစား လုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းများ ယခုအခါအဆင်သင့် မတွေ့သေးပါ။ နိုင်ငံတော်အစိုးရ အနေဖြင့်လည်း စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့်စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပါတ်လုံး ဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပါသည်။ မြို့နယ်မှသည် ကျေးရွာအထိလိုအပ်သော စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုအထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သော ရန်ပုံငွေလည်း ရှိရပါမည်။

**(ဂ) ကျေးလက်ဈေး ဆောက်လုပ်ရေး**

ကျေးရွာရှိဈေးသည်ဆိုင်ခန်းအားဖြင့် အသင့်အတင့်သာရှိပြီး မိုးရာသီတွင် ဈေးကွက်သည် အနိမ့်ပိုင်းတွင်တည်ရှိသောကြောင့် မိုးရေများဝင်ရောက်ရေကြီးခြင်းများ ကြုံတွေ့ရတတ်သည်။ ရေနှုတ်မြောင်းကောင်းမွန်ခြင်းမရှိပါ။ ဈေးသူ/သားများဈေးရောင်းချရာတွင်လည်း မိုးတွင်းကာလရေဝင်ရောက်မှုကြောင့် အခက်အခဲများ ကြုံတွေ့နေရပါသည်။

## ၈။ စီမံကိန်း စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ

ကျွန်တော်တို့ကျေးရွာ၏ စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနိုင်လည်နိုင်စေမည့် ဖော်ထုတ်ချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသောချက်ဖြစ်သည်။

**(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက ကျေးရွာ၏ လိုအပ်ချက်များကို တင်ပြတောင်းဆိုထားသော စီမံချက်များထဲတွင် ငါးနှစ်တာကာလအတွက် မဲစနစ်ဖြင့် ဦးစားပေးရွေးချယ် ခဲ့ကြသော စီမံချက်များသည် ကျေးရွာတွင်လိုအပ်သော အဓိကလိုအပ်ချက်များကို ရွေးချယ်တင်ပြထားခြင်းဖြစ်ပါသည်။ ငါးနှစ်တာ ကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်

မည့် ဦးစားပေး လုပ်ငန်းများကိုလည်း တဆက်တည်း ရွေးချယ်ထားပါသည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ကို တိုးမြင့်ဆောင်ရွက် သွားကြပါသည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စု ခွဲခြားခြင်း**

စီမံကိန်းစီမံချက်နှင့် စီမံချက်ဆိုင်ရာ အချက်အလက်များကို စိစစ်စိတ်ဖြာ နိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကိုအုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ ဦးစီးဌာနများအတွက် သက်ဆိုင်ရာ လုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်ကိုအကဲဖြတ်ရာတွင် စီပွားရေး အကျိုးပြုဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်း အသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကိုခွဲခြားသိရှိစေရန်အထောက်အကူပြုပါသည်။

လုပ်ငန်းကဏ္ဍကို အခြေခံ၍စီမံကိန်းအုပ်စု သတ်မှတ်ခြင်း ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍ အပိုင်း အခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှု အမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်းတွင်

* သာမန်အသုံးစရိတ်

* ငွေလုံးငွေရင်းအသုံးစရိတ်

* စွမ်းဆောင်ရည် မြင့်တင်ရေးအသုံးစရိတ်

* လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့တို့ပါဝင်သည်။

**(ဂ) ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့် ဖော်ပြထား ပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့်ရွာလုံး ကျွတ်အစည်းအဝေး တွင်စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကိုရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာအကူအညီများ ရရှိရန်လည်းလိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက် လုပ်ငန်းများမှ အောက်ပါအတိုင်းဖြစ်ပါသည်။

**ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ**

| ကဏ္ဍ/အကြောင်းအရာ | အဆိုပြုစီမံချက် | ရမှတ် | ဦးစားပေး အဆင့် | မှတ်ချက် |
|---|---|---|---|---|
| စိုက်ပျိုး/မွေးမြူရေး ကဏ္ဍ | တပိုင်တနိုင်စိုက်ပျိုးရေးနှင့်မွေးမြူရေး အတွက်သင့်တင့်မျှတသောအတိုးနှုန်းဖြင့် နှစ်ရှည်ချေးငွေရရှိရေး။ | ၁၀၀ | ၁ | |
| အလုပ်အကိုင်အခွင့်အ လမ်းရရှိရေးကဏ္ဍ | ကျေးလက်ဒေသနှင့်ကိုက်ညီသော အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး။ | ၇၇ | ၂ | |
| ဈေးအဆင့်မြှင့်တင်ရေး ကဏ္ဍ | ကျေးရွာအတွင်းရှိပွဲကျဈေးအားအဆင့် မြှင့်တင်ရေး။ | ၆၄ | ၃ | |
| လမ်းပန်းဆက်သွယ် ရေးကဏ္ဍ | ကျေးရွာအတွင်းလမ်းများအဆင့်မြှင့်တင် ပေးရေး။ | ၅၉ | ၄ | |
| လျှပ်စစ်ကဏ္ဍ | ကျေးရွာအတွင်းရှိ လျှပ်စစ်သွယ်တန်းမှု ယိုယွင်းနေသဖြင့် ပြန်လည်ပြုပြင်ရေး။ | ၄၈ | ၅ | |
| အဆောက်အဦကဏ္ဍ | ကျေးရွာစာကြည့်တိုက်တည်ဆောက် ရေး။ | ၄၁ | ၆ | |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလကို စီမံချက်လုပ်ငန်းများ ပြီးမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မှုပေါ် မူတည်ပြီးနှစ်စဉ်ပြုပြင်ရေးဆွဲမည်ဖြစ်ပြီးလက်ရှိအနေဖြင့်ရေးဆွဲထားသောစီမံကိန်း ကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံကိန်း | ဦးစား ပေးအဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၁ | တပိုင်တနိုင်စိုက်ပျိုးရေးနှင့် မွေးမြူ ရေးအတွက် သင့်တင့်မျှတသောအ တိုးနှုန်းဖြင့်နှစ်ရှည်ချေးငွေရရှိရေး။ | ၁ | √ | | | | |
| ၂ | ကျေးလက်ဒေသနှင့် ကိုက်ညီသော အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေး။ | ၂ | | √ | | | |
| ၃ | ကျေးရွာအတွင်းရှိပွဲကျဈေးအဆင့် မြှင့်တင်ရေး။ | ၃ | | √ | | | |
| ၄ | ကျေးရွာတွင်းလမ်းများ အဆင့်မြှင့် တင်ပေးရေး။ | ၄ | | | | | |

| စဉ် | စီမံကိန်း | ဦးစား ပေးအဆင့် | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ |
|---|---|---|---|---|---|---|---|
| ၅ | ကျေးရွာအတွင်းရှိလျှပ်စစ်သွယ် တန်းမှုယိုယွင်းနေသဖြင့် ပြန်လည် ပြုပြင်ရေး။ | ၅ | | | | √ | |
| ၆ | လူငယ်များအတွက်ကျေးရွာ စာကြည့်တိုက် တည်ဆောက်ခြင်း။ | ၆ | | | | | √ |

၉။ **ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာအစီအစဉ်**

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည်ရည် ညွှန်းနမူနာ ဖြစ်ကိုးကားရန်ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက် နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက် များကိုရေးဆွဲရာတွင်မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်း များထံမှဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ ဖော်ပြ ထားသောရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သောထည့် ဝင်မှုများကိုထည့်သွင်း ဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ ပစ္စည်းကိရိယာ၊ အချိန် စသည်)

| စဉ် | စီမံကိန်း | ရန်ပုံငွေ | ရင်းနှီးမြုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာထောက်ထားမှု |
| ၁ | တပိုင်တနိုင်စိုက်ပျိုးရေးနှင့်မွေး မြူရေးအတွက်သင့်တင့်မျှတ သောအတိုးနှုန်းဖြင့် နှစ်ရှည်ချေး ငွေရရှိရေး။ | | | | | |
| ၂ | ကျေးလက်ဒေသနှင့် ကိုက်ညီသော အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေး။ | | | | | |
| ၃ | ကျေးရွာအတွင်းရှိ ပျံကျဈေး အဆင့်မြှင့်တင်ရေး။ | | | | | |

| စဉ် | စီမံကိန်း | ရန်ပုံငွေ | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | လူသားချင်းစာနာထောက်ထားမှု |
| ၄ | ကျေးရွာတွင်းလမ်းများ အဆင့်မြှင့်တင်ပေးရေး။ | | | | | |
| ၅ | ကျေးရွာအတွင်းရှိလျှပ်စစ်သွယ်တန်းမှု ယိုယွင်းနေသဖြင့် ပြန်လည် ပြုပြင်ရေး။ | | | | | |
| ၆ | လူငယ်များအတွက် ကျေးရွာစာကြည့်တိုက်တည်ဆောက်ခြင်း။ | | | | | |

၁၀။ **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းကို ကျေးရွာလူထုက ဦးဆောင်အကောင် အထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏အခန်းကဏ္ဍ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရေးဆွဲခြင်းတွင် ပါဝင်သော စီမံကိန်းလုပ်ငန်း များကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာ လူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် ပေါင်းစပ်ညှိနှိုင်း ရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီ အသီးသီးအား တာဝန်ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည် ဥပမာ-မိဘ၊ဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း ပညာရေး အရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူဆောင်ရွက်စေ၍ မွေးမြူ ရေး အဖွဲ့မှလည်းမွေးမြူရေး ထွက်ကုန်လုပ်ငန်းများကိုတိုးချဲ့ ဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာ လယ်ယာထွက်ကုန်နှင့် ကုန်ထုတ်လမ်း အဆင့်မြင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက် စေခြင်းဖြစ်ပါသည်။

**(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

ကျွန်တော်တို့ကျေးရွာအဖွဲ့က ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့ များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန် လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင် မတတ်နိုင်သောအကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်း ပညာရေးသင်ကြားမှုအရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ် ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ မွေးမြူရေးအဖွဲ့မှလည်း မွေးမြူရေးထုတ်ကုန်ပစ္စည်း နှင့်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ် မွေးကုဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်းလယ်ယာထုတ်ကုန် လုပ်ငန်းတိုးတက်လာရေးနှင့် အထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်စိုက်ပျိုးရေးဝန်ကြီးဌာန၊ မြို့နယ်အဆောက်လုပ်ရေးဌာနတိုနှင့် ဆက်သွယ်၍ စိုက်ပျိုးရေးနည်းပညာများ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့်တွက်ချက် မှုဆိုင်ရာနည်းပညာများကို ရယူပါမည်။

## (ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားအတွက် အောက်ပါအဖွဲ့အစည်း၊ ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါသည်။

* ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည်လုပ်ငန်းများအတွက် ကန်ထရိုက်များ

* စိုက်ပျိုးရေးမွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့ အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများစီမံကိန်းလုပ်ငန်းတွင်ဖော်ပြထားသော သတ်သတ်မှတ်မှတ် ကိစ္စများကိုသာကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံးလွှမ်း ခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့က တာဝန်ပေးထားသောအဖွဲ့ခွဲ ၏တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ် ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာ ဦးစီးဌာနကတာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် တာဝန်ပေးထားသောအဖွဲ့ခွဲကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ပူးပေါင်း ဆောင်ရွက်ပါမည်။

## (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်တော်တို့ကော်မတီအနေဖြင့်လုပ်ငန်းတစ်ခုချင်းစီအတွက်ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိရမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှအသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကိုဆောက်ရွက်မည်။ ထို့အပြင်တံတားပေါ်ဖြတ်သန်း သွားလာ

သယ်ယူမည့် ပစ္စည်းများ၏ ပမာဏကိုကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည့်ရေးအတွက်လုပ်ငန်းအလိုက်သက်ဆိုင်ရာ အဖွဲ့ခွဲအားတာဝန်အပ်နှင့် ဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာ-အားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင် ထိန်းသိမ်းရေးအတွက် မိဘ၊ ဆရာအသင်း စသည့်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်တော်တို့၏ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအားစနစ်တကျ ကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ ပထမဦးစွာကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ ထိုမှသာရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

### (က) ကြီးကြပ်စစ်ဆေးခြင်း

ကျွန်တော်တို့သည်ကျွန်တော်တို့ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း၏ လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှုနှင့် ငွေကြေးဆိုင်ရာတိုးတက်မှုတို့ကို စနစ်တကျကြီး ကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့်ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်း လုပ်ငန်းကိုကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ စီစဉ်မှုဖြင့်သက်ဆိုင်ရာစီမံကိန်း လုပ်ငန်းအလိုက်တာဝန်ယူ ဆောင်ရွက်နေသောအဖွဲ့ခွဲအသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့ခွဲအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ပထမဆုံးသတင်းအချက်အလက်များရရှိအောင်ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့်အညွှန်းကိန်းများဖြစ်ပါမည်။ (၃) လပတ်ကုန်ဆုံးချိန်တိုင်းတွင် အဖွဲ့နှင့်အဖွဲ့ခွဲအသီးသီးသည် ၎င်းတို့၏ ကြီးကြပ် စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာကို ရွာလူထုအစည်းအဝေး၌အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှဦးဆောင်ပါမည်။ (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်အလက်များပေါ်ဦးတည်ပါမည်။

#### (၁) လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု

*စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့်ပြီးမြောက်မှုအတိုင်းအတာ

* အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသော အခက်အခဲအဟန့်အတား များနှင့် ပြုပြင်သင့်သောအဆိုပြုချက်များ

*ပြုပြင်ပြောင်းခဲဆောင်ရွက်ရန်လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ

(၂) **ငွေကြေးဆိုင်ရာတိုးတက်မှု**

* ငွေသားနှင့် ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့်နှိုင်းယှဉ်၍)

* (၃)လပတ်ကုန်တွင် ရှိသော ငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊

*ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင်ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ

* ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန်အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့အစည်း(၃)လပတ် ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာ ကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာန များသို့အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ - ၃ မျက်နှာ ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါသည်။ ၎င်းအစီရင်ခံစာတွင် အခက်အခဲနှင့်ရင်ဆိုင်ကျော်လွှားမှုများ၊ကျေးရွာသူ/သားများပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များလို အပ်သော အကူအညီ အထောက် အပံ့များ စသည်တို့ပါဝင်ပါသည်။

(ခ) **နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းအကဲဖြတ်ပွဲ**

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာကျွန်ုပ်တို့ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလန်းဖန်တီးနိုင်ရန်ဖြစ်ပါသည်။

**ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-**

* ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ)၊ သတင်း မီဒီယာများ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည် သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့်ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက် နိုင်မည်ဖြစ်ပါသည်။

(ဂ) **နည်းပညာဆိုင်ရာအကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့်စီမံဆောင်ရွက်စဉ် ပထမဦးကာလတွင်အချိန်ပိုင်းအလိုက်လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကိုမြို့နယ် အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်ပါသည်။

## (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (၁.၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | စုစုပေါင်း၏ % |
|---|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၂ | ၇ | ၉ | ၁.၃၀% |
| ၁ နှစ်မှ ၅နှစ်အောက် | ၅ နှစ်အောက်ကလေးငယ် | ၂၀ | ၁၄ | ၃၄ | ၄.၉၁% |
| ၅ နှစ်မှ ၉ နှစ်အထိ | မူလတန်းကျောင်းသားအရွယ် | ၁၇ | ၂၂ | ၃၉ | ၅.၆၄% |
| ၉ နှစ်အထက်မှ ၁၅ နှစ် အထိ | အလယ်တန်းကျောင်းသား အရွယ် | ၃၀ | ၃၀ | ၆၀ | ၈.၆၇% |
| ၁၅ နှစ်အထက်မှ ၆၀ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၉၇ | ၂၃၂ | ၄၂၉ | ၆၂.၀၀% |
| ၆၀ နှစ်နှင့် အထက် | သက်ကြီးရွယ်ကြီး | ၄၉ | ၇၂ | ၁၂၁ | ၁၇.၄၈% |
| **စုစုပေါင်း လူဦးရေ** | | **၃၁၅** | **၃၇၇** | **၆၉၂** | **၁၀၀.၀၀%** |
| **စုစုပေါင်း အိမ်ထောင်စု - ၁၇၆** | | **တစ်အိမ်ထောင်ရှိ ပျမ်းမျှဦးရေ - ၄ ဦး** | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၁၇၉)စု၊ ယောကျ်ားဦးရေ (၃၁၅)ဦး၊ မိန်းမဦးရေ (၃၇၇)ဦး နှင့် လူဦးရေပေါင်း (၆၉၂)ဦးရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာတွင် ဗမာလူမျိုးအများစုနှင့် ကရင်လူမျိုး အနည်းငယ် နေထိုင်ကြောင်းတွေ့ရှိရပါသည်။ လူငယ်အများစုရှိသဖြင့် အလုပ်အကိုင် အခွင့်အလမ်းများ လုပ်နိုင်သူများ ရှိသော်လည်း နှစ်ပါတ်လည်ဝင်ငွေရ လုပ်ငန်းများ နည်းပါးပါသည်။ အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ နည်းပါးကြောင်းတွေ့ရှိရပါသည်။ အိမ်ထောင်စုတစ်ခုလျှင် လူဦးရေ (၄)ဦးနှုန်း ရှိကြောင်းလည်း တွေ့ရှိရပါသည်။

### (၁.၂) အလုပ်လုပ်နိုင်သူ အင်အား

### (၁.၂.၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင် လုပ်အား | | |
| **၁** | **စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅၄ | ၃၂.၁၄ | ၂၄ | ၄ | လယ်-၅၃/ခြံ-၁ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက်အလုပ်သမား | ၉ | ၅.၃၅ | ၂ | | လယ်-၃/စာရင်းငှား-၆ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၃ | **ငါးဖမ်း လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၄ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | ၀.၅၉ | ၁ | | သစ်တောစာရေး-၁ |
| ၅ | **ထုတ်ကုန်လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၀.၅၉ | | | ဆန်စက်-၁ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၆ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၇ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၀.၅၉ | | ၁ | ပန်းရံ-၁ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃ | ၁.၇၈ | ၁ | ၆ | ပန်းရံ-၁ လက်သမား-၂ |
| ၈ | **ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၀.၅၉ | | ၂ | စက်ပြင်-၁ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁ | ၀.၅၉ | | ၂ | စက်ပြင်-၁ |
| ၉ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၁ | ၆.၅၄ | ၃ | ၆ | စက်ချုပ်-၄/ ပဒင်း-၁ လက်သမား-၃ မုန့်လုပ်ငန်း-၂/အနှိပ် ဆရာ-၁ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၂ | ၁.၁၉ | ၃ | ၆ | ဆိုင်းဆရာ-၁ မုန့်လုပ်ငန်း-၁ |
| ၁၀ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၉ | ၁၇.၂၆ | ၁၅ | ၁ | ဈေးရောင်း-၂၉ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၃ | ၁.၇၈ | ၆ | ၁၂ | သတင်းစာ-၁ ဈေးရောင်း-၂ |
| ၁၁ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင် လုပ်အား | | |
| ၁၂ | ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၂.၃၈ | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၄ | ၂.၃၈ | | ၈ | ကားမောင်း-၃ ဆက်သွယ်ရေး-၁ |
| ၁၃ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၀.၅၉ | | ၁ | အပေါင်ဆိုင်-၁ |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၄ | အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၅ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | ၄ | |
| ၁၆ | ပညာရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၀ | ၅.၉၅ | | ၁၃ | ဆရာ/မ-၁၀ |
| ၁၇ | ကျန်းမာရေး | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | တွဲဖက် လုပ်ကိုင်သူဦးရေ | မှတ်ချက် |
|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | % | မိသားစုဝင် လုပ်အား | | |
| | ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၈ | **လူမှုရေး လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | | | | | |
| ၁၉ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၉ | ၁၁.၃ | ၈ | ၁၀ | ကျပန်း-၁၇ အိမ်အကူ-၂ |
| ၂၀ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ (ဥပမာ - UN, INGOs, Companies, etc.,) | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | |
| | အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား | ၁၄ | ၈.၃၇ | ၁၂ | ၁၂ | မလေး-၁/ထိုင်း-၁ စင်္ကာပူ-၁/ကုမ္ပဏီ-၃ စက်ရုံ-၇/ ရောင်းစားရေး-၁ |
| | **စုစုပေါင်း** | **၁၆၈** | **၁၀၀%** | **၇၅** | **၈၈** | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေသည် ကျေးရွာရှိ လူဦးရေထက် (၆၂%)ရှိပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့်နည်းပါးပါသည်။ ကျေးရွာတွင်းရှိ (၁၇၆) အိမ်ထောင်စု ရှိသည့်အနက် (၈) အိမ်ထောင်စုမှာ အသက်အရွယ်အားဖြင့် ၆၀ ကျော်ရှိ ပြီး သားသမီး/ကျေးရွာမှပံ့ပိုးမှုဖြင့် နေထိုင်စားသောက်ကြပါသည်။ ကျေးရွာတွင်လယ်ယာ စိုက်ပျိုးရေးကို အဓိကဦးစားပေးလုပ်ကိုင်ပြီး ပန်းရံ၊ လက်သမား၊ အသေးစားအိမ်တွင်းလုပ်ငန်းများ စက်ချုပ်လုပ်ငန်းနှင့် အစိုးရဝန်ထမ်း လုပ်ကိုင်သူအနည်းစုသာ ရှိပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သူ

များပြားသော်လည်း ဝင်ငွေနည်းပါးခြင်း၏ အဓိကအကြောင်းအရာမှာ အလုပ်အကိုင်အခွင့်အလမ်းနည်းပါး ခြင်း၊ စက်ရုံ၊အလုပ်ရုံ မရှိခြင်း စသည့်အချက်များကို လေ့လာတွေ့ရှိရပါသည်။

## (၁.၂.၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | | မှတ်ချက် |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ | |
| ၁ | လယ်ယာလုပ်ငန်း | နေ့စား | ၃၅၀၀ | ၃၀၀၀ | ၃၀၀၀ | ၂၅၀၀ | |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | | |
| ၃ | ငါးလုပ်ငန်း - ရေချို/ရေငန် ငါးဖမ်းခြင်း၊ ငါးပိ၊ ငါးခြောက်လုပ်ငန်း | နေ့စား | | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သ မား၊ ပန်းရံလုပ်ငန်း | နေ့စား | ၃၅၀၀ | ၃၀၀၀ | ၂၅၀၀ | ၂၀၀၀ | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၂၅၀၀ | ၂၀၀၀ | ၂၀၀၀ | ၁၅၀၀ | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူစသည်) | နေ့စား | ၃၀၀၀ | ၂၅၀၀ | ၂၅၀၀ | ၂၀၀၀ | |
| ၁၀ | ဟိုတယ်နှင့် စားသောက် ဆိုင်လုပ်ငန်း | နေ့စား | | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်**

(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် လယ်ယာလုပ်သား အမျိုးသားတစ်ဦး၏ ဝင်ငွေမှာ တစ်ရက်လျှင် ၂၄၀ဝိ/- ပျမ်းမျှရရှိပြီး လခစားအလုပ်သမားတစ်ယောက်၏ တစ်ရက်ဝင်ငွေမှာ (၆၅၉၃ ကျပ် ၄၀ ပြား) ရရှိကြောင်း တွေ့ရှိရပါသည်။

## (၁.၃) သဘာဝ ရင်းမြစ်များ

### (၁.၃.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ ညံ့ | ဆည်ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း) | ရေရင်းမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက) |
|---|---|---|---|---|
| လယ်မြေ | ၃၁၄.၉၈ | သင့် | အနည်းအကျဉ်း | ကညင်ဆည် ၁၅ ဧက |
| ယာမြေ /တောင်ယာ | | | | |
| ဥယျာဉ်ခြံမြေ | ၂.၀ | သင့် | အနည်းအကျဉ်း | ကိုယ်ပိုင် အဝီစိတွင်း |
| အိမ်ခြံဝင်း စိုက်ခင်း | ၁၀.၀ | သင့် | အနည်းအကျဉ်း | ကိုယ်ပိုင် အဝီစိတွင်း |
| နှစ်ရှည်သီးနှံစိုက်ခင်း | | | | |
| ရွှေ့ပြောင်းတောင်ယာ မြေ | | | | |
| ကိုင်း/ကျွန်းမြေ | | | | |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| အခြား | | | | |
| **စုစုပေါင်း** | **၃၂၆.၉၈** | | | ကညင်ဆည် ၁၅ ဧက |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**မှတ်ချက်။** ။ရေရှိသည့် နေရာအမျိုးအစား - ဆည်၊ မြစ်ရေတင်၊ စိမ့်စမ်းရေသွယ်၊ မြေအောက်ရေ

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာသည်စိုက်ပျိုးရေးကို ဦးစားပေးလုပ်ကိုင်နိုင်သော် လည်းသဘာဝမိုးရေကိုသာ အဓိကထားအသုံးပြုကြရသည်။ ဆည်ရေရရှိမှုတွင် ကညင်ဆည်မှ မြေဧက အနည်းအကျဉ်းကို နွေစပါးအတွက် ရရှိကြောင်း တွေ့ရှိရပါသည်။

### (၁.၃.၂) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝ ရင်းမြစ်များ

| အမျိုးအစား | ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ) | လက်လှမ်းမီနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမီ) |
|---|---|---|
| ကာဗွန် (ဓာတ်ငွေ့/ရေနံ) | မရှိ | လက်လှမ်းမမီ |
| အခြား ရင်းမြစ်များ | မရှိ | လက်လှမ်းမမီ |
| **အခြားသဘာဝ ရင်းမြစ်** | | |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | သင့် | လွယ် |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | သင့် | လွယ် |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် ဓါတ်သတ္တုနှင့်ပတ်သက်သော အရင်းအမြစ်များမရှိပါ။ အခြားသောသဘာဝအရင်းအမြစ်များ အသင့်အတင့်ရရှိနိုင်ကြောင်း လေ့လာ တွေ့ရှိရပါသည်။ သျှားစောင်းပင်၊ ထောလပတ်ပင်၊ ငရုပ်ကောင်းပင်များနှင့် ဘုမ္မရာဇာပင်များ ရှိကြောင်းတွေ့ရှိရပါသည်။

### (၁.၄) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **ဆင်းရဲသော အိမ်ထောင်စု** | **အလွန်ဆင်းရဲသောအိမ် ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၁၀ဧကအထက် | ၁၀ဧကအောက် | ၃ဧကအောက် | မြေယာမဲ့ |
| အိမ်အခြေအနေ | တိုက်အိမ် | သစ်အိမ်/ပျဉ်ထောင် | သစ်အိမ်/ထရံကာ | ဝါးအိမ်/သက်ကယ် |
| လုပ်ငန်းသုံးကိရိယာ ပိုင်ဆိုင်မှု | ထွန်စက်/ထယ် ထွန် | ထပ်/ထွန် | ထယ် | ဓါး/တံဇဉ် |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သောပိုင်ဆိုင်မှု | တီဗီ/စလောင်းကား/ဆိုင်ကယ် | တီဗီ/စလောင်း/ဖုန်းဆိုင်ကယ် | တီဗီ/ဖုန်း စက်ဘီး | ဖုန်း/စက်ဘီး |
| အဓိကစီးပွားရေး လုပ်ငန်း | လယ်/ ဝယ်ရောင်း | လယ်/ ဝယ်ရောင်း | လယ်/ကျပန်း | ကျပန်း |
| အခြားပိုင်ဆိုင်မှု | | - | - | - |
| အိမ်ထောင်စု - ၁၇၆ | ၁၀ (၅.၆၈%) | ၇၆(၄၃.၁၈%) | ၅၇(၃၂.၃၉%) | ၃၃(၁၈.၇၅%) |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။**   ။   ကျွန်တော်တို့ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု အနည်းငယ်သာရှိ၍ အလယ်အလတ်အိမ်ထောင်စုမှာ ရွာ၏သုံးပုံတစ်ပုံခန့်ရှိပြီး ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုမှာ ရွာ၏တစ်ဝက်ကျော်ခန့်ရှိနေပါသည်။ ဆင်းရဲနှင့်အလွန်ဆင်းရဲ အိမ်ထောင်စုများသည် မြေယာနည်းခြင်းနှင့်ကျပန်းလုပ်ကိုင်နေသော အိမ်ထောင်စုများဖြစ်ပါသည်။ နှစ်ပတ်လည်ဝင်ငွေရသော လုပ်ငန်းရှားပါးသဖြင့် ဆင်းရဲသားအိမ်ထောင်စုများပြားပါသည်။ အချို့မိသားစုများမှာ ရပ်ဝေးသို့ ဝင်ငွေကောင်းသောအလုပ်များသွားရောက်လုပ်ကိုင်၍ မိသားစုသို့ ပြန်ပို့ပေးခြင်းဖြင့် မှီခိုနေရသောအိမ်ထောင်စုများအားတွေ့ရှိရပါသည်။

## (၁.၅)   ထိခိုက်လွယ်မှု

### (၁.၅.၁)  ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာခနေအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| **အချိန်ကာလ** | **အိမ်ထောင်စု အရေအတွက်** | **အိမ်ထောင်စု%** | **ဖြေရှင်းသည့် နည်းဗျူဟာ** |
|---|---|---|---|
| ၃ လအောက် | ၂၆ | ၈၆.၆ | ကြွေးယူပြီးဖြေရှင်း |
| ၃ လနှင့် ၆ လအောက် | | | |
| ၆ လ မှ ၁၂ လ အထိ | ၄ | ၁၃.၃၃ | ကြွေးယူပြီးဖြေရှင်း |

ရင်းမြစ်..ဥစ္စာခနေအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။**   ။   ကျွန်တော်တို့ကျေးရွာတွင် ဥစ္စာခနေအဆင့် ၃ နှင့် ၄ အိမ်ထောင်စုပေါင်း၏ ၃၀% စီအား စစ်တမ်းကောက်ယူရာတွင် ၃ လ အောက် ဝမ်းစာဖူလုံမှုရှိသော အိမ်ထောင်စုများမှာ (၂၆) အိမ်ဖြစ်ပြီး (၄) အိမ်ထောင်စုမှာ ဝမ်းစာဖူလုံကြောင်း တွေ့ရှိရပါသည်။

### (၁.၅.၂)  ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

| **အကြောင်းအရာ** | **ကျား** | **မ** | **ပေါင်း** |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၀ နှစ်နှင့်အထက် | ၅ | ၅ | ၁၀ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | ၃ | ၁ | ၄ |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၂၂ | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | | - | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | | ၁၀ | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော လူဦးရေ(၁၀) ဦးကို တွေ့ရှိရပါသည်။ မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ကျား (၅)ဦး နှင့် မ (၅)ဦး တွေ့ရှိရပါသည်။ အခြားမသန်စွမ်းသော ကျား(၃)ဦးနှင့် မ(၁)ဦးအား တွေ့ရှိရပါသည်။ ၎င်းမိသားစုများမှာလွန်စွာထိခိုက်လွယ်ကူမှုရှိပါသည်။ မိသားစုဝင် စောင့်ရှောက်မှုမရှိသောအိမ်ပေါင်း(၁၀)အိမ်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၁.၅.၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | လတ် | နှစ်ပတ်လည်အလုပ်မရှိခြင်း |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | လတ် | တနိုင်တပိုင်မြေနှင့် ရေအသင့်အတင့်ရှိသည် |
| ၃ | ရေကြီးခြင်း | လတ် | ကညင်ချောင်းရေမိုးတွင်းရေလျှံပါသည် |
| ၄ | မိုးခေါင်ခြင်း | နိမ့် | |
| ၅ | အအေးလွန်ကဲခြင်း | နိမ့် | |
| ၆ | မုန်တိုင်း | နိမ့် | |
| ၇ | ငလျင် | နိမ့် | |
| ၈ | မီးဘေး | နိမ့် | |
| ၉ | ဆားငန်ရေဝင်မြေ | နိမ့် | |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | နိမ့် | |
| ၁၁ | သစ်တောပြုန်းတီးခြင်း | လတ် | ခြံသစ်များဖြင့် အိမ်ဆောက်ခြင်းရှိ |
| ၁၂ | ၄က်ဖျားရောဂါ | လတ် | ရာသီအလိုက်ဖြစ်ပွားသည် |
| ၁၃ | တီဘီရောဂါ | လတ် | အနည်းအကျဉ်းရှိသည် |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | နိမ့် | |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | နိမ့် | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | နိမ့် | |
| ၁၇ | လူကုန်ကူးခြင်း | နိမ့် | |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေးခက်ခဲ စသည် | နိမ့် | |
| ၁၉ | အခြား | နိမ့် | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာ၏ ထိခိုက်လွယ်မှုအခြေအနေမှာ စားနပ်ရိက္ခာဖူလုံမှုသည်ရွာတွင် ပြည့်စုံသူသုံးပုံတစ်ပုံသာရှိပြီး နှစ်ပတ်လည်အလုပ်မရှိခြင်းနှင့် လုပ်အားခနည်းပါးခြင်းတို့ကြောင့်ဖြစ်ပါသည်။ စိုက်ပျိုးမြေနှင့် ရေများတနိုင်တပိုင်ရရှိပါသည်။ သစ်တောပြုန်းတီးမှုမှာလည်းခြံသစ်များဖြင့် အိမ်ဆောက်ခြင်း၊ ထင်းလုပ်ခြင်းများများပြားလာသည်။ ရာသီအလိုက်ငှက်ဖျားရောဂါအနည်းအကျဉ်းရှိပြီး တီဘီရောဂါအနည်းစုရှိကာ ဆေးကုသမှုရရှိပါသည်။

## (၁.၅.၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၁ | လူငယ် | လတ် | အရက်ဆိုင်ရှိခြင်း |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | လတ် | အလုပ်အကိုင်မရှိခြင်း |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | နိမ့် | |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ | နိမ့် | |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | လတ် | ချောင်းဘေးကမ်းပြိုမှုရှိ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများေ ော နေရာ (Prone to accident) တွင် နေထိုင်သူများ | နိမ့် | |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | နိမ့် | |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | နိမ့် | |
| ၉ | ငါးကန်ပိုင်ရှင် | နိမ့် | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်း | လတ် | အလုပ်အကိုင်ရှားပါးခြင်း |
| ၁၁ | လူနည်းစုလူမျိုးများ | နိမ့် | |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | နိမ့် | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | နိမ့် | |
| ၁၄ | ရွှေတွင်းလုပ်သား | နိမ့် | |
| ၁၅ | ဆေးစွဲသူများ | လတ် | အရက်စွဲလူငယ်အနည်းစုရှိခြင်း |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ | နိမ့် | |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | နိမ့် | |
| ၁၈ | နေရပ်ပြန် အခြေချသူများ | နိမ့် | |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | လတ် | ဝင်ငွေနှစ်ပါတ်လည်ရှိသောဒေသ ပြောင်းရွှေ |
| ၂၀ | ကားသမား | လတ် | အန္တရာယ်များ |
| ၂၁ | အခြား | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် ထိခိုက်သက်ရောက်မှုခံရနိုင်သော သူများ လူငယ်နှင့် အမျိုးသမီး ဦးဆောင်သောဆင်းရဲမိသားစုများဖြစ်သည်။ ဝင်ငွေရအလုပ်နည်းခြင်းနှင့် အရက်ဆိုင်ပေါ်ခြင်းများဖြစ်ကြောင်းတွေ့ရှိရသည်။ချောင်းဘေးအိမ်များအချို့ကမ်းပြိုမှုရှိသည်။ ကျပန်းလုပ်သားများရှိသော်လည်းဝင်ငွေနည်းပါးသည်။ အရက်စွဲသူများအနည်းအကျဉ်းတွေ့ရှိရသည်။ ဝင်ငွေကောင်းသောဒေသမြို့အရပ်သို့ ရွှေ့ပြောင်းလုပ်ကိုင်သော လူငယ်အများစုများရှိ၍ ယာဉ်မောင်းများလည်းရွာတွင် အနည်းငယ်ရှိပြီး အန္တရာယ်များနှင့် ကြုံမှုရှိကြောင်းတွေ့ရှိပါသည်။

### (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၂.၁) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (၂.၁.၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (၁/၂/၃) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်း တာဝန် | ဦးဆောင် ဖွဲ့စည်း သူများ (၄/၅) | စွမ်း ဆောင် နိုင်မှု (၆/၇/၈) |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | | |
| ၁ | ကိုယ်ထူကိုယ်ထ | ၂ | ၁၀ | ၁၀ | ၂၀ | နာရေးကူညီမှု | ၄ | ၇ |
| ၂ | ယာဉ်ကျေးမှု | ၃ | ၃ | ၅ | ၈ | ဓမ္မစကူး | ၄ | ၇ |
| ၃ | အမျိုးသမီး | ၂ | - | ၁၀ | ၁၀ | မိခင်နှင့်ကလေး | ၄ | ၇ |
| ၄ | | | | | | | | |
| ၅ | | | | | | | | |
| ၆ | | | | | | | | |
| ၇ | | | | | | | | |
| ၈ | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

**ဦးဆောင်ဖွဲ့စည်းသူများ**

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

**အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ**

(၆) ကောင်း - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှု ရရှိခဲ့။ ပုံမှန်အစည်းအဝေးကျင်းပခြင်းနှင့် တက်ရောက်မှုကောင်း၊ မှတ်တမ်းများကို စနစ်တကျထိန်းသိမ်းထားရှိခြင်း၊ ကျေးရွာတွင်းရှိ အခြားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်မှုရှိခြင်း။

(၇) သင့် - လွန်ခဲ့သောနှစ်က ဖွံ့ဖြိုးရေးရည်မှန်းချက် (၁-၂) ခု အောင်မြင်မှုရရှိခဲ့။ ပုံမှန်အစည်းအဝေးကျင်းပခြင်းနှင့် အသင့်အတင့်တက်ရောက်မှုရှိ၊ မှတ်တမ်းအချို့ စနစ်တကျထိန်းသိမ်းထားရှိခြင်း။

(၈) ညံ့ (အားနည်း) - ကြုံသလိုအစည်းအဝေးကျင်းပခြင်း၊ မှတ်တမ်းအချို့သာ ထိန်းသိမ်းထားရှိခြင်း။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင်းရှိ လူမထုအခြေပြုအဖွဲ့အစည်းများအား လေ့လာတွေ့ရှိချက် အရအလွန်နည်းပါးပါသည်။ အတွင်းကျောင်းဆရာတော် ဦးဆောင်သော နာရေးကူညီမှုအသင်းတစ်ခု သာရှိပြီး ဓမ္မစကူးအပြင်မှန်ကျောင်းတွင်ရှိပါသည်။ အမျိုးသမီးနှင့် မိခင်နှင့်ကလေးအဖွဲ့ရှိပါသည်။ ယခုအခါ ဓမ္မစကူးမှကွဲ၍ နာရေးအသင်းနှင့် မိခင်နှင့်ကလေးအဖွဲ့ စွမ်းဆောင်မှုကျဆင်းကြောင်း တွေ့ရှိရပါသည်။

## (၂.၁.၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | အဖွဲ့အစည်း အမျိုးအစား (၁/၂/၃/၄/၅/၆/၇) | အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် |
|---|---|---|---|
| ၁ | ပက် မြန်မာ | ၂ | ၁၄ရက်တစ်ပတ် ၂၅ ကြိမ် |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။**

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

**လေ့လာတွေ့ရှိချက်။** ။ ဤကျေးရွာဖွံ့ဖြိုးရေးအတွက် ပြင်ပမှအကူညီပေးသော ပက်မြန်မာအဖွဲ့ တစ်ခုသာရှိပြီး ကျန်သောပြင်ပအဖွဲ့အစည်းမရှိသေးကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင် အတိုးနှုန်း သင့်တင့်ပြီး ငွေကြေးကူညီနိုင်သော ပြင်ပအဖွဲ့အသည်းများ လိုအပ်ကြောင်း တွေ့ရှိရပါသည်။

## (၂.၂) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (၂.၂.၁) သီးနှံထုတ်လုပ်ရေး

#### (၂.၂.၁.၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထော င်စု % | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၂၃ | ၆၉.၈၉% | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ ဧကအောက် | ၁၀ | ၅.၆၈% | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ ဧကမှ ၅ ဧကထိ | ၁၇ | ၉.၆၆% | တောင်သူငယ် |
| ၄ | ၅ ဧကမှ ၁၂.၅ ဧက ကြား | ၂၂ | ၁၂.၅% | အလယ်အလတ်စား တောင်သူ |
| ၅ | ၁၂.၅ ဧက အထက် | ၄ | ၂.၂၇% | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | **၁၇၆** | **၁၀၀%** | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ ဤကျေးရွာတွင် စိုက်ပျိုးမြေပိုင်ဆိုင်သောဦးရေ အနည်းအကျဉ်းသာ ရှိပါသည်။ မြေယာမဲ့ဦးရေသည် အလွန်များပြားပါသည်။ ကျေးရွာတွင် လယ်ယာလုပ်ကိုင်သူ (၄၉)ဦးသာရှိပြီး သီးနှံထုတ်လုပ်မှု အသင့်အတင့်ရှိကြောင်း တွေ့ရှိရပါသည်။

#### (၂.၂.၁.၂) အစိုးရ နှင့် ပုဂ္ဂလိက ရေရင်းမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေရင်းမြစ်နှင့် ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | အစိုးရ /ပုဂ္ဂလိက | ရေသောက်ဧက | ရရှိနိုင်မှု | |
|---|---|---|---|---|---|
| | | | | တနှစ်ပတ်လုံး/ ရာသီအလိုက် | လုံလောက်မှု (ရှိ/မရှိ) |
| ၁ | ဆည် | အစိုးရ | ၁၅ ဧက | ရာသီအလိုက် | မရှိ |
| ၂ | ရေလွှဲဆည် | | | | |
| ၃ | မြစ်ရေတင်စီမံကိန်း | | | | |
| ၄ | အဝီစိတွင်း | ပုဂ္ဂလိက | ၆၀ ဧက | တနှစ်ပတ်လုံး | မရှိ |
| ၅ | လက်ငင် ရေတွင်း | | | | |
| ၆ | စိမ့်စမ်းရေ | | | | |
| ၇ | ချောင်းရေ | | | | |
| ၈ | အခြား | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ဤကျေးရွာ၏ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာတွင် ရေအရင်းအမြစ်

မှာ(၁၅)ဧကနှင့် ရေသွင်းဧရိယာမှာ (၆၀)ဧကရှိကြောင်းတွေ့ရှိရပါသည်။ ကညင်ဆည်မှ ရေပေးဝေမှုများရှိကြောင်း တွေ့ရှိရပါသည်။

## (၂.၂.၁.၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

| သီးနှံ | စုစုပေါင်းစိုက်ဧက | သီးနှံထွက်မှု | | | | သီးနှံစိုက်ပျိုးသည့်ကာလ | | သွင်းအားစုလိုအပ်ချက် (နီမ့်/လတ်/မြင့်) | အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျှမ်းမျှ | မှ | ထိ | | | |
| စပါး | ၃၁၅ | တင်း | ၅၀ | ၈၀ | ၆၅ | Jun | Oct | လတ် | လတ် | |
| မတ်ပဲ | ၇၅ | တင်း | ၃ | ၁၅ | ၁၀ | Apr | Jun | လတ် | လတ် | |
| | | | | | | | | | | |
| | | | | | | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဤကျေးရွာတွင် အဓိကထုတ်လုပ်သော စိုက်ပျိုးသီးနှံမှာ စပါးနှင့် မတ်ပဲ နှစ်မျိုးအဓိကစိုက်ပျိုး ထုတ်လုပ်ပါသည်။ စပါးထွက်နှုန်း အလယ်အလတ်နှင့် မတ်ပဲအထွက်နှုန်းမှာလဲ အလယ်အလတ်ရှိကြောင်း တွေ့ရှိရပါသည်။

## (၂.၂.၁.၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက် | မှတ်ချက်/အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ထွန်စက် | | | | | | ၃၀ | |
| လက်တွန်းထွန်စက် | ၆ | | | | | ၄၀ | |
| အစေ့ချ ကိရိယာ | | | | | | | |
| ရိတ်သိမ်းခြွေလှေ့စက် | ၁ | | | | | ၃၀ | |
| ရိတ်သိမ်းစက် | | | | | | | |

| စက်အမျိုးအစား | ပိုင်ဆိုင်မှု | | | | | စက်ကိရိယာငှားရမ်းလုပ်ကိုင်နေသောတောင်သူအရေအတွက် | မှတ်ချက်/အခြေအနေ |
|---|---|---|---|---|---|---|---|
| | တစ်ဦးချင်းပိုင် | အဖွဲ့ပိုင် | | ရွာပိုင် | | | |
| | | အရေအတွက် | လယ်သမားဦးရေ | အရေအတွက် | လယ်သမားဦးရေ | | |
| ခြွေလှေ့စက် | | | | | | | |
| ရေစုပ်စက် | ၁၅ | | | | | ၁၀ | |
| ခြေနင်းရေတင်စက် | | | | | | | |
| မြက်ရိတ်စက် | ၃ | | | | | | |
| အခြား | | | | | | | |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ဤကျေးရွာတွင် လယ်သမားများ လက်တွန်းထွန်စက်(၆)စီးသာရှိ၍ ရိတ်သိမ်းခြွေလှေ့စက် (၁)စီး၊ ရေစုပ်စက်(၁၅)လုံးနှင့် မြက်ရိတ်စက် (၃)စက်ရှိကြောင်း တွေ့ရှိရပါသည်။ တောင်သူများသည် နွားများအနည်းငယ်သာသုံးစွဲ၍ ထွတ်စက်များ ငှားရမ်းသုံးစွဲခြင်းနှင့် ရိတ်သိမ်းခြွေလှေ့စက်ဖြင့်ကောက်ရိတ်မှုများပြားလာပါသည်။ တနိုင်တပိုင်ထွန်စက်သုံးစွဲမှု အလွန်နည်းပါးကြောင်း တွေ့ရှိရပါသည်။

## (၂.၂.၁.၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

| အခြေအနေ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီသြဇာ) | ရှိ၊ အရင်းအနှီးလိုအပ် |
| ရေရင်းမြစ် | ရှိ၊ ဆည်မြောင်း ကညင်ဆည်ရှိ |
| သဘာဝမြေဆွေး၊ အော်ဂဲနစ် မြေသြဇာ | ရှိ၊ လက်လှမ်းမီမှုရှိ |
| အော်ဂဲနစ်/ဓာတုပိုးသတ်ဆေး | ရှိ၊ လက်လှမ်းမီမှုရှိ |
| ချေးငွေနှင့် ငွေကြေး ဝန်ဆောင်မှုများ | ရှိ၊ စိုက်ပျိုးရေးဘဏ်၊ ဆောင်းဘဏ်၊ သမ |
| နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှု များ | မရှိ၊ နည်းပညာလိုအပ်သည် |
| သွင်းအားစုဈေးကွက် | ရှိ၊ သွင်းအားစုများ အနည်းအကျဉ်းရှိ |
| ထုတ်လုပ်မှုဈေးကွက် နှင့်ကုန်သွယ်မှု | ရှိ၊ လက်လှမ်းမီမှုရှိ |
| အခြား | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ဤကျေးရွာသည် သီးနှံထုတ်လုပ်မှုတိုးတက်စေရန် အခွင့်အလမ်းကောင်းများ အသင့်အတင့်ရှိပြီး ကညင်ဆည်မှလည်း နွေစပါးအသင့်အတင့် စိုက်ပျိုးရေရရှိပါသည်။ သွင်းအားစုများရှိလာကြောင်းတွေ့ရှိရပါသည်။ အော်ဂဲနစ်နှင့် ဓါတုပိုးသတ်ဆေးများ လွယ်ကူစွာလက်လှမ်းမိမှုများရှိသည်။ ထုတ်လုပ်မှုဈေးကွက် လက်လှမ်းမီကြောင်း တွေ့ရှိရပါသည်။

## (၂.၂.၁.၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

| ပြဿနာ | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|
| စိုက်ပျိုးမြေ တိုးချဲ့နိုင်မှု | မရှိ |
| မြေဆီသြဇာ အခြေအနေ | မရှိ |
| ငွေကြေးအရင်းအနှီး ရရှိနိုင်မှု | ရှိ |
| စိုက်ပျိုးရေး သွင်းအားစုများ အချိန်မီ ရရှိအသုံးချနိုင်မှု | ရှိ၊ ကညင်ဆည်မှရရှိ |
| လုပ်သားရှားပါးမှု (ကျွမ်းကျင် သူ/မကျွမ်းကျင်သူ) | ရှိ၊ လုပ်သားရှား၍ ကျွမ်းကျင်မှုနည်းသည် |
| ရေရင်းမြစ်များ ရရှိနိုင်မှု | ရှိ၊ မိုးရေ၊ အဝီစိရေ၊ ဆည်ရေရရှိ |
| စိုက်ပျိုးရေ မလုံလောက်မှု | ရှိ၊ လက်ထဲအဝီစိတွင်းတူး၊ ရေစုပ်စက်ဖြင့်ရေတင် |
| ဖျက်ပိုးနှင့် ရောဂါ | ရှိ၊ ငွေကြေးလက်လှမ်းမမီခြင်း |
| ဈေးကွက် လက်လှမ်းမီမှု | ရှိ၊ ဈေးကွာခြားမှုရှိခြင်း |
| နည်းပညာ အကူအညီနှင့် နည်းလမ်းများ | မရှိ၊ နည်းပညာအကူအညီလိုအပ်သည် |
| အခြား | နည်းပညာနှင့် သုံးစွဲမှုစနစ်များစွာလိုအပ်သည် |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာ၏သီးနှံထုတ်လုပ်မှုအတွက် စိုက်ပျိုးမြေတိုးချဲ့နိုင်မှုမရှိကြောင်း တွေ့ရှိရပါသည်။ ကျွမ်းကျင်လုပ်သားများ ရှားပါးခြင်း၊ စိုက်ပျိုးစရိတ်များ အချိန်မီမရရှိကြောင်းနှင့် နည်းပညာများလိုအပ်ကြောင်း တွေ့ရှိရပါသည်။

## (၂.၂.၂) မွေးမြူရေးလုပ်ငန်း

### (၂.၂.၂.၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

ဇယား (၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| **မွေးမြူရေး** | | | |
| ခိုင်းနွား | ၃၀ | ၆၀ | ခိုင်းနွားသုံးစွဲမှုနည်းသည် |
| နို့စားနွား | ၁ | ၁ | အလွန်နည်းသည် |

| မွေးမြူရေးနှင့် ငါးလုပ်ငန်း | အိမ်ထောင်စု | ကောင်ရေ | မှတ်ချက်/အခြေအနေ |
|---|---|---|---|
| မြင်း | | | |
